# သတင်းကြေငြာချက်

## လိပ်ကျွန်း(ကောတောင်)လူသတ်မှုတရားခံအဖြစ်စွပ်စွဲခံရသူ၂ဦးအတွက် တရားရင်ဆိုင်ရာတွင် အသုံးပြုရန် ရန်ပုံငွေရှာဖွေခြင်း

ထိုင်းနိုင်ငံအခြေစိုက်ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေးကွန်ရက်(Migrant Worker Rights Network) က လိပ်ကျွန်း(ကောတောင်)လူသတ်မှုအတွက် စွပ်စွဲဖမ်းဆီးခံနေရသော မြန်မာနိုင်ငံသားအလုပ်သမားအမှုတွင် လိုက်ပါဆောင်ရွက်မည့်ရှေ့နေများကို ကူညီထောက်ပံ့နိုင်ရန် ရန်ပုံငွေစုဆောင်းပေးသွားမည်ဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၄ခုနှစ်တွင် ဖြစ်ပွားခဲ့သော အင်္ဂလန်နိုင်ငံသား၂ဦးအသတ်ခံရမှုတွင် တရားခံအဖြစ်စွပ်စွဲဖမ်းဆီးခံရသူ ၂ဦးသည် မတရားဖမ်းဆီးခံရသည်ဟု စိုးရိမ်ပူပန်မှုများရှိနေသည့်အပြင် ၎င်းတို့ကိုဖမ်းဆီးစဉ်က သက်သေအထောက်အထားမပြည့်စုံဟု ယူဆနိုင်စရာရှိခြင်း၊ ဖမ်းဆီးပြီးနောက် စုံစမ်းစစ်ဆေးမှုများမပြုခင် နှိပ်စက်ညှင်းပန်းခံခဲ့ရသည်ဟု အစိုးရဥပဒေအရာရှိများကိုတိုင်ကြားထားခြင်းတို့ကြောင့် မှားယွင်းအပြစ်ပေးခံရမည့် အနေအထားလည်းဖြစ်သွားနိုင်သည်။ ထို့ကြောင့် ဤအမှုတွင် တရားမျှတမှုများဖြစ်ပေါ်စေရေး၊ ဘက်ပေါင်းစုံတို့တွင် နစ်နာမှုမရှိစေရေးတို့အတွက် တရားရင်ဆိုင်ရာတွင် ဥပဒေကြောင်းအရကူညီနေသည့်ရှေ့နေများကိုပံ့ပိုးနိုင်ရန် ကျွန်ုပ်တို့ ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေးကွန်ရက်(M.W.R.N) က ရန်ပုံငွေတစ်ရပ်ထူထောင်ရခြင်းဖြစ်သည်။

"ဒီအမှုမှာဖမ်းဆီးခံထားရတဲ့ ဇော်လင်းနဲ့ဝေဖြိုးတို့ဟာ သူတို့မကျူးလွန်ပဲနဲ့ မှားယွင်းအပြစ်ပေးခံရတာမျိုး မဖြစ်ဖို့လိုပါတယ်။ အခုတရားရင်ဆိုင်ရာမှာ ခုခံပေးမယ့်ရှေ့နေများဟာ သူတို့ရဲ့လုပ်ဆောင်မှုကို အစွမ်းကုန်မြှင့်ပြီး လုပ်ဆောင်ပေးနိုင်ရပါမယ်။ ဒါမှသာ တရားစီရင်မှုကိုရင်ဆိုင်တဲ့အခါမှာ ဖမ်းဆီးခံကလေးတွေအတွက် တစ်ဖက်က အသာစီးယူထားတဲ့ပုံစံမျိုး မဖြစ်မှာပါ။ ဒီအမှုဟာ ကြီးလေးတဲ့အမှု၊ သေဒဏ်အထိကျခံရနိုင်တဲ့အမှုဖြစ်နေတာကြောင့် ပြစ်မှုမကျူးလွန်ရပဲ မှားယွင်းအပြစ်ပေးခံလိုက်ရတာမျိုး ဘယ်သူမှလည်း ဖြစ်စေချင်ကြမှာမဟုတ်ဘူး။ ဒါကြောင့်ဒီအမှုမှာ ကူညီနိုင်ဖို့အတွက် ဒီလိုရန်ပုံငွေတစ်ရပ်ကို ထူထောင်ရခြင်းဖြစ်ပါတယ်" ဟု ရွှေ့ပြောင်းအ လုပ်သမားအခွင့်အရေးကွန်ရက်(M.W.R.N)ဥက္ကဌ ဦးစိန်ဌေးက ဆိုပါသည်။

ဤရန်ပုံငွေကို လှူဒါန်းလိုပါက မြန်မာနိုင်ငံအတွင်း **Tun Tun Lwin: 0981110005698 KBZ Bank** သို့လည်းကောင်း၊ နိုင်ငံတကာမှ http://www.youcaring.com/nonprofits/justice-koh-tao-murder-case/246839 သို့ ဝင်ရောက်၍ လှူဒါန်းနိုင်ပါသည်။ လက်ခံရရှိသည့်ငွေများကို ထိုင်းနိုင်ငံအတွင်းရှိဘဏ်စာရင်းသို့ပြန်လည်လွှဲပြောင်းပေးသွားမည်ဖြစ်ပြီး စာရင်းရှင်းတမ်းများကိုလည်း ၎င်း YouCaring ဝဘ်ဆိုဒ်တွင် ပြည်လည်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

93/206. Moo 7 Tabol Thasai A. Muang Samut Sakhon, Thailand 74000 +66 86 7555 337
Building 18R No. 24, 6th Floor, Kan St, Hlaing Tsp, Yangon +95 (0) 9250147299 , +95 (0) 49278500
email: mwrnorg@gmail.com
www.mwrn.org

အသေးစိတ်စုံစမ်းမေးမြန်းလိုပါက

ရန်ပုံငွေတာဝန်ခံ ဦးစိန်ဌေး (ဥက္ကဌ M.W.R.N) mwrnorg@gmail.com +959250147299/ +95949278500

ရန်ပုံငွေကြီးကြပ်သူ Andy Hall (International Affairs Advisor M.W.R.N) andyjhall1979@gmail.com +6684619209

ရန်ပုံငွေကြီးကြပ်သူ Mr.Nakhon Chomphuchart (ရှေ့နေအဖွဲ့ခေါင်းဆောင်) nakhonct@gmail.com +66818473086

**အမှုဖြစ်စဉ်အကျဉ်း**

ထိုင်းနိုင်ငံရှိ ကမ္ဘာလှည့်ခရီးသွားများလာရောက်လည်ပတ်ရာတွင်ကျော်ကြားသည့် လိပ်ကျွန်း(ကော့တောင်)တွင် ၂၀၁၄ခုနှစ် စက်တင်ဘာ၁၅ရက်နေ့၌ ဟန်နာဝစ်ထာရစ်ချ် (၂၃နှစ်) နှင့် ဒေးဗစ်မီလာ(၂၄နှစ်)တို့ ရက်စက်စွာ အသတ်ခံခဲ့ရသည်။ ၎င်းအမှုဖြစ်ပွားပြီးနောက် စစ်ဆေးဖေါ်ထုတ်ခြင်းများပြုလုပ်ခဲ့ရာ သက်သေခံအချက်အလက်များစုဆောင်းရာတွင် စနစ်မကျခြင်း၊ သံသယရှိသောမြန်မာရွှေ့ ပြောင်းအလုပ် သမားများကို စစ်ဆေးရာတွင် ကောင်းစွာမပြုမူခြင်း စသည်တို့ကြောင့် ထိုင်းနိုင်ငံအတွင်းသာမက နိုင်ငံတကာကပါ ပြစ်တင်ဝေဖန်ခြင်း များစွာထွက်ပေါ်လာခဲ့သည်။ ထို့အပြင် တရားမျှတမှုများအတွက် စိုးရိမ်ခြင်းသံသယများစွာဖြစ်ခဲ့သည်။

ထို့နောက် အောက်တိုဘာ၂ရက်နေ့တွင် မြန်မာရွှေ့ပြောင်းအလုပ်သမားများဖြစ်သော ဇော်လင်းနှင့်ဝေဖြိုးတို့အား လူသတ်မှု၊ အဓမ္မကျင့်မှုစသောပြစ်မှုကြီးများအပါအဝင် ပုဒ်မပေါင်းများစွာနှင့်စွပ်စွဲပြီးဖမ်းဆီးခဲ့သည်။ ဖမ်းဆီးခံရပြီးနောက် စစ်ဆေးစဉ်တွင် ဇော်လင်းနှင့်ဝေဖြိုးတို့၂ဦးသည် ပြစ်မှုနှင့်ပတ်သက်၍ ဝန်ခံခဲ့ကြသော်လည်း အောက်တိုဘာ၂၁ရက်နေ့ ရှေ့နေများကောင်စီမှရှေ့နေနှင့်တွေ့ဆုံစဉ်တွင် မိမိတို့သဘောဖြင့်ဝန်ခံခဲ့ခြင်းမဟုတ်ကြောင်းနှင့်ဝန်ခံမှုကိုရုပ်သိမ်း၍ ပြစ်မှုမကျူးလွန်ခဲ့ကြောင်းပြန်လည်ငြင်းဆိုခဲ့သည်။ ထို့အပြင် ရှေ့နေများကောင်စီ၊ ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေးကွန်ရက်နှင့် အခြားသောလူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများသို့လည်း မိမိတို့အပေါ်တရားမျှတမှုရရှိရန်အတွက် အကူအညီတောင်းခံခဲ့ကြသည်။ ၎င်းတို့၂ဦးက ဖမ်းဆီးစစ်ဆေးခံရစဉ်ကာလတွင် ညှင်းပန်းနှိပ်စက်၍အတင်းအကြပ်ဝန်ခံခိုင်းကြောင်းပြောဆိုခဲ့သည့်အပြင် ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေးကွန်ရက်ကလည်း ရဲတပ်ဖွဲ့သည် အခြားသောရွှေ့ပြောင်းအလုပ်သမားများကို ခေါ်ယူစစ်ဆေးစဉ်အတွင်း အခွင့်အရေးချိုးဖေါက်မှုများပြုလုပ်ခဲ့ကြောင်း သက်သေအထောက်အထားများလက်ခံရရှိခဲ့ပြီး တရားရုံးတွင် တင်ပြသွားမည်ဖြစ်သည်။

ထို့နောက်တွင် ဥပဒေအရာရှိက တရားစွဲဆိုချက်တင်ရန်အတွက် အချုပ်ရမန်ယူခြင်းကို အကြိမ်ပေါင်းများစွာ လုပ်ဆောင်ခဲ့ပြီး မိမိတို့ဖက်မှလည်း ထိုင်းနှင့်နိုင်ငံတကာမီဒီယာများမှလည်းကောင်း၊ သံတမန်ဆိုင်ရာများမှ လည်းကောင်း ဖမ်းဆီးခံ၂ဦးနှင့် သေဆုံးသူ၂ဦးအပေါ် တရားမျှတမှုများရရှိစေရန် လှုံ့ဆော်ခြင်းများပြုလုပ်ခဲ့ သည်။ ရမန်ယူခြင်းကိုလည်း ရှေ့နေမှတဆင့်ကန့်ကွက်ခြင်းများပြုလုပ်ခဲ့သော်လည်း ဇော်လင်းနှင့်ဝေဖြိုးတို့၂ဦး ကို ကော့စမွေတရားရုံးတွင် ဒီဇင်ဘာလ၄ရက်နေ့၌ ပုဒ်မပေါင်းများစွာဖြင့် စွဲချက်တင်ခဲ့ပြီး ဇော်လင်းတို့၂ဦးက စွဲချက်များကိုငြင်းဆိုခဲ့သည်။ ထို့နောက် ဒီဇင်ဘာ၂၆ရက်နေ့တွင် တရားရုံးက ၂ဖက်သက်သေများထွက်ဆိုချက် ပေးနိုင်ရန်အတွက် ၂၀၁၅ခုနှစ်ဂျူလိုင်လ၈ရက်မှစ၍ စက်တင်ဘာလအထိ စုစုပေါင်းရုံးချိန် ၁၈ရက်သတ်မှတ် ထားပေးခဲ့သည်။ မိမိတို့ရှေ့နေက ဘန်ကောက်တရားရုံးသို့ ပြောင်းရွှေ့ကြားနာပေးရန် လျှောက်ထားခဲ့ သော်လည်း မအောင်မြင်ခဲ့ပေ။ သို့သော် သက်သေများအချို့ကို ဗွီဒီယိုကွန်ဖရန့်ဖြင့်လည်းကောင်း ဘန်ကောက် ရှိတရားရုံး တွင်လည်းကောင်းထွက်ဆိုချက်ပေးနိုင်ရန် စဉ်းစားပေးမည်ဟု တရားရုံးမှဆိုသည်။

ဤအမှုတွင် ထိုင်းနိုင်ငံအတွက်လည်းကောင်း၊ သေဆုံးသူနှင့်မိသားစုများအတွက်လည်းကောင်း၊ အစွပ်စွဲခံရသူ များနှင့်မိသားစုများအတွက်လည်းကောင်း ဘက်ပေါင်းစုံအတွက်တရားမျှတမှုရရှိရန်အရေးကြီးသည်။ ထို့အတူ တရားခံအဖြစ်စွပ်စွဲခံရသူများအနေဖြင့် ကောင်းမွန်စွာခုခံလျှောက်လဲပိုင်ခွင့်ရရှိရန် လိုအပ်ပြီး ၎င်းအခွင့်အရေးကို ကောင်းမွန်စွာအသုံးချနိုင်ရမည်ဖြစ်သည်။ နောက်ထပ်အခက်အခဲတစ်ခုမှာ စွဲချက်တင်ထားသည့်ဘက်မှ သက် သေ၁၀၀ဦးတို့၏ထွက်ဆိုချက်များ၊ စာမျက်နှာ၁၀၀၀ကျော်သည့်သက်သေခံ အရာများကို ပြန်လည်ခုခံချေ ဖျက်ရမည်ဖြစ်ပြီး ထိုအထဲတွင် သိပ္ပံနည်းပညာဆိုင်ရာနှင့်ပတ်သက်သော စွဲချက်များကို ခုခံရဦးမည်ဖြစ်သည်။

တရားစီရင်ရေးနှင့်ပတ်သက်သောအခက်အခဲအနေဖြင့်လည်း ဤအမှုကို ကော့စမွေတရားရုံးတွင်ကြားနာစီရင် မည်ဖြစ်ရာ အချိန်ကာလ ၃လအတွင်း အနည်းဆုံး၁၈ရက် လာရောက်ရမည်ဖြစ်သည်။ သို့သော် အမှုတွင်ခုခံ ပေးမည့်ရှေ့နေများသည် ဘန်ကောက်တွင်နေထိုင်ကြသူများဖြစ်သည်။ ကော့စမွေကျွန်းသည် သွားလာရေး အတွက် စားရိတ်ကြီးမြင့်သလို နေထိုင်ရာတွင်လည်း ကမ္ဘာလှည့်ခရီးသွားများလာရောက်သည့်နေရာဖြစ်သည့် အတွက် အစစအရာရာ ဈေးနှုန်းကြီးမြင့်သည်။ ထို့အပြင် အမှုကြားနာစီရင်ရာတွင် ဘာသာစကား၃မျိုးကို ကောင်းစွာပြန်ဆိုနိုင်မည့်ဘာသာပြန်ကလည်း လိုအပ်နေပြန်သည်။ ၎င်းထက်ပို၍အရေးကြီးသည်မှာ ခုခံသည့် ဖက်မှထွက်ဆိုပေးမည့်သက်သေများအတွက် လုံခြုံရေးများစီစဉ်ပေးနိုင်ရန်ဖြစ်သည်။ ထို့ကြောင့် လုံလောက် သောရန်ပုံငွေတစ်ရပ်မရှိလျှင် အထက်ပါအချက်များကို ကောင်းမွန်ပြည့်စုံစွာလုပ်ဆောင်ရန် ခက်ခဲမည်ဖြစ်ပြီး တရားမျှတမှုရရှိရေးအတွက် အားနည်းသွားနိုင်သည်။

မိမိတို့ ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေးကွန်ရက်(M.W.R.N)အနေဖြင့် လွန်ခဲ့သော ၂၀၁၄ခုနှစ်အောက်တို ဘာလမှစတင်၍ ပထမအကြိမ်ရန်ပုံငွေရရှိရန်လုပ်ဆောင်ခဲ့ရာ စုစုပေါင်းဒေါ်လာ၂သောင်းခန့်ကို ပြည်တွင်းပြည် ပစေတနာရှင်များထံမှ လက်ခံရရှိခဲ့ပြီးဖြစ်သည်။ ၎င်းငွေများကို အမှုပြင်ဆင်နေသည့်ကာလအတွင်းအသုံးပြုခဲ့

ပြီး ယခုအခါကုန်ဆုံးသွားပြီဖြစ်သည်။ ထို့ကြောင့်လာမည့် ၁၀လတာခန့်ကာလအတွင်း အစွပ်စွဲခံ၂ဦးအတွက် အမှုရင်ဆိုင်ရန်နှင့်ရှေ့နေရှေ့ရပ်ကိစ္စရပ်များသုံးစွဲနိုင်ရန် ဒုတိယအကြိမ်ရန်ပုံငွေစုဆောင်းရခြင်းဖြစ်သည်။ ထို့အတူ သက်သေရရှိရေးနှင့်အမှုဆိုင်ရာကိစ္စရပ်များကို စေတနာဖြင့်ကူညီနေသောသူများအတွက်အသုံးပြုရန်လည်းကောင်း ထောင်အတွင်း၌နေထိုင်နေရသော ဇော်လင်းနှင့်ဝေဖြိုးတို့အဆင်ပြေပြေဖြစ်နိုင်ရန်အတွက်လည်းကောင်း သုံးစွဲရန်လိုအပ်နေသေးသည်။

ယခုအမှုတွင်ကူညီမှုပေးနေကြသောရှေ့နေများ၊ လူ့အခွင့်အရေးလှုပ်ရှားသူများသည် ဉာဏ်ပူဇော်ခ၊ လုပ်အားခများမယူပဲ ဘက်ပေါင်းစုံမှ စေတနာဖြင့်ဆောင်ရွက်ပေးနေကြသော်လည်း လှုပ်ရှားဆောင်ရွက်ရာတွက် ကိစ္စအဝဝအတွက် ကုန်ကျငွေများရရှိရန်လိုအပ်ပါသည်။ အထူးသဖြင့်စျေးနှုန်းကြီးမြင့်သော လေယာဉ်ခ၊ ခရီးစားရိတ်များ၊ တည်းခိုနေထိုင်စားရိတ်များလိုအပ်လျက်ရှိပါသည်။ ၎င်းအပြင် သက်သေခံဖြစ်မည့်သူများအတွက် စီမံခြင်း၊ ထောင်ဝင်စာတွေ့ခြင်း စသည်တို့အတွက် လိုအပ်လျက်ရှိသောကြောင့် ယခုကဲ့သို့ ရန်ပုံငွေတစ်ရပ်လိုအပ်ကြောင်းနှင့် ဝိုင်းဝန်းကူညီနိုင်ကြရန်အတွက် လေးစားစွာဖိတ်ခေါ်ကြေငြာအပ်ပါသည်။

**<u>လိပ်ကျွန်း(ကော့တောင်)လူသတ်မှုနှင့်ပတ်သက်၍ M.W.R.N ၏ပါဝင်ဆောင်ရွက်ခဲ့မှုများ</u>**

| | |
|---|---|
| 23 Sep -26 Sep 2014 | ကော့တောင်ကျွန်းသို့သွားရောက်၍ ခေါ်ယူစစ်ဆေးခံရသော အလုပ်သမားများနှင့်တွေ့ဆုံမေးမြန်းခဲ့သည်။ စစ်ဆေးစဉ်တွင် ရိုက်နှက်ခံရခြင်းရှိသဖြင့် သက်ဆိုင်ရာဌာနများ၊ သတင်းမီဒီယာများသို့ အကြောင်းကြားခြင်းများပြုလုပ်ခဲ့သည်။ (M.W.R.N + H.R.D.F) |
| 5 Oct- 7 Oct 2014 | ကော့စမွေကျွန်းသို့သွားရောက်၍ ဖမ်းဆီးခံရသော ဇော်လင်းနှင့်ဝေဖြိုးရဲသက်သေမောင်မောင်၊ ရဲတပ်ဖွဲ့ စသည်တို့နှင့်သွားရောက်တွေ့ဆုံခဲ့သည်။ ထိုင်းရှေ့နေများကောင်စီ၊ ထိုင်းလူ့အခွင့်အရေးကော်မရှင်တို့နှင့် အကူအညီရရှိရန် ဆက်သွယ်ခဲ့သည်။ ဘာသာပြန်ပေးခြင်းတို့ကိုဆောင်ရွက်ခဲ့သည်။<br><br>(M.W.R.N + H.R.DF + CrCF + T.L.C) |
| 8 Oct – 9 Oct 2014 | ထိုင်းရှေ့နေများကောင်စီ ဗြိတိန်သံအမတ်တို့နှင့်တွေ့ဆုံ၍ ရရှိထားသောအချက်အလက်များဆွေးနွေးဖလှယ်ခြင်း၊ပူးပေါင်းလုပ်ဆောင်နိုင်မည့်နည်းလမ်းများဆွေးနွေးခဲ့သည်။ (M.W.R.N + H.R.D.F + CrCF) |
| 10 Oct – 28 Oct 2014 | ကော့စမွေသို့သွားရောက်၍ သက်သေကိစ္စများ၊ ထောင်ဝင်စာတွေ့ခြင်းများ၊ တရားရုံးတက်ခြင်းများ ၊ ခေါ်ယူစစ်ဆေးစဉ်ရေနွေးပူလောင်းခံရမှုများကို |

93/206. Moo 7 Tabol Thasai A. Muang Samut Sakhon, Thailand 74000 +66 86 7555 337
Building 18R No. 24, 6th Floor, Kan St, Hlaing Tsp, Yangon +95 (0) 9250147299 , +95 (0) 49278500
email: mwrnorg@gmail.com
www.mwrn.org

| | |
|---|---|
| | ထိုင်းရေှ့နေများကောင်စီ၊ ထိုင်းလူ့အခွင့်အရေးကော်မရှင်တို့နှင့်ပူးပေါင်းဆောင်ရွက်ခဲ့သည်။ အောက်တိုဘာ ၂၁ရက်နေ့တွင် ရေှ့နေနှင့်အတူ အစိုးရဉပဒေအရာရှိထံသွားရောက်၍ ဂန်ခံချက်ပေးမှုကိုရုပ်သိမ်းပြီး စွပ်စွဲချက်များကိုငြင်းဆိုခဲ့သည်။ တစ်ပတ်လျှင်၃ရက် ထောင်ဂင်စာတွေ့ဆုံခြင်း ခြေကျင်းခတ်မှုကန့်ကွက်ခြင်းတို့ လုပ်ဆောင်ခဲ့သည်။ ဘာသာပြန်ပေးခြင်းတို့ကိုဆောင်ရွက်ခဲ့သည်။ (M.W.R.N + H.R.D.F + CrCF + T.L.C) |
| 2 Nov 2014 | မြန်မာအစိုးရ အဆင့်မြင့်အရာရှိနှင့်တွေ့ဆုံ၍ ဆောင်ရွက်ထားမှုများ၊ အမှုအခြေအနေများတင်ပြခဲ့သည်။ (M.W.R.N) |
| 5-24 Nov 2014 | ကော့စမွေသို့သွားရောက်၍ ထောင်ဂင်စာတွေ့ဆုံခြင်း၊ ရေှ့နေများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ သက်သေကိစ္စများဆောင်ရွက်ခြင်း၊ မီဒီယာများနှင့်လှုံ့ဆောင်ခြင်းများဆောင်ရွက်ခဲ့သည်။ ဘာသာပြန်ပေးခြင်းတို့ကိုဆောင်ရွက်ခဲ့သည်။<br><br>(M.W.R.N + H.R.D.F) |
| 27 Nov – 30 Dec 2014 | ကော့စမွေနှင့်ကော့တောင်(လိပ်ကျွန်း)သို့သွားရောက်ပြီး ထောင်ဂင်စာတွေ့ဆုံခြင်း၊ ရေှ့နေများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ သက်သေ ကိစ္စများဆောင်ရွက်ခြင်း၊ မီဒီယာများနှင့်လှုံ့ဆောင်ခြင်းများဆောင်ရွက်ခဲ့သည်။ ဘာသာပြန်ပေးခြင်းတို့ကိုဆောင်ရွက်ခဲ့သည်။<br><br>(M.W.R.N + H.R.D.F + T.L.C) |
| 8 – 10 Jan 2015 | ကော့စမွေနှင့်ကော့တောင်(လိပ်ကျွန်း) သို့သွားရောက်ပြီး ထောင်ဂင်စာတွေ့ဆုံခြင်း၊ ရေှ့နေများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ သက်သေ ကိစ္စများဆောင်ရွက်ခြင်း၊ မီဒီယာများနှင့်လှုံ့ဆောင်ခြင်းများဆောင်ရွက်ခဲ့သည်။ ဘာသာပြန်ပေးခြင်းတို့ကိုဆောင်ရွက်ခဲ့သည်။<br><br>(M.W.R.N + H.R.D.F + T.L.C) |

မှတ်ချက်။ ။ ကော့စမွေကျွန်း၌ မိမိတို့မရှိသည့်အချိန်များတွင် ပုံမှန်ထောင်ဂင်စာတွေ့ဆုံနိုင်ရန် စေတနာ့ဂန်ထမ်းတစ်ဦး၏အကူအညီဖြင့် စီစဉ်ဆောင်ရွက်ထားပါသည်။ ၎င်းအပြင် ကော့စမွေ၊ ကော့ဖင်နီး၊ ကော့တောင်ကျွန်း၃ကျွန်းရှိ ရွှေ့ပြောင်းအလုပ်သမားများအပေါ်အခွင့်အရေးချိုးဖေါက်ခံရခြင်းများအတွက် သက်ဆိုင်ရာရဲတပ်ဖွဲ့နှင့်အလုပ်သမားဂန်ကြီးဌာနအသီးသီးသို့ တောင်းဆိုချက်များပေးပို့ထားပြီး လက်ရှိတွင် လုပ်ငန်းခွင်

အတွင်းထိခိုက်ဒဏ်ရာရ၍ ကိုယ်တပိုင်းမလှုပ်ရှားနိုင်သောအလုပ်သမားတစ်ဦးအတွက် ခံစားခွင့်များရရှိစေရန် M.W.R.N နှင့် H.R.D.F တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။